

PUBLISHED BY VIEW

ဗျူး စေတ်တင်သည်

# လရောင်ဂျူးရင့်

ပန်းနုရောင်လွင်ပြင်

# အခန်း (၁)

စာသင်ခန်းထဲ ဝင်ခါနီးတော့ အခန်းရှေ့မှာ ကျောင်းသားတွေကော ကျောင်းသူတွေပါ အုံးအုံးထ နေကြသည် ။

သူ့ထက်ငါ စုပြုံတိုးဝှေ့ ကြည့်နေကြတာ မြင်ကတည်းက တစ်ခုခုဆို တာ သိလိုက်သော ခြေထောက်တွေက ရှေ့ဆက်မတိုးနဲ့ ဟု တုတ်နဲ့ ရွ ယ်၍ တစ်စုံတစ်ယောက်က ခြောက်လှန့်လိုက်သလို နှေးကျသွားပြီး ချ က်ချင်း ရပ်သွားခဲ့၏။

"ခြင်း ... လာလေဟာ ဟိုမှာ ဘာကြည့်နေကြတာလဲ မသိဘူး"

ဆင့်ကတော့ လက်ကိုင်ကောက်ပါသည့် ရောင်စုံထီးလှလှလေးကို ထိပ်ဦးချွန်လေးနှင့် တဒေါက်ဒေါက်ထောက်၍ သွားနေရာမှ ထီးကို ထောင်ကိုင်ပြီး ပြေးတော့သည် ။

သံတော်ဆင့်ဆိုသော ကောင်မလေးဟာ ငယ်ငယ်ကတည်းက ထိုသို့ ရှိခဲ့၏။

ထစ်ကနဲဆို ညီမှုခြင်း ကျန်ခဲ့ပြီ။

သူမပြေး၍ စပ်စု သေချာအောင် ဘာလဲကြည့်ပြီး သေချာသည် နှင့် ဖျတ်ခနဲ ပြန်လှည့် ပြေးလာမည်။

"ခြင်းရေး ... ဘာကောင်လေးလဲ မသိဘူးဟ ... တောင်ပံတွေနဲ့ အ

မွေးတွေလည်း ပါတယ် အံ့ထူးအကျီထဲ ခုန်ဝင်သွားလို့ အံ့ထူးအော်ပြီး ခုန်ပေါက်နေတာ ရယ်ရတယ် ... ခစ်ခစ် ... ဒီကောင် နင့်ကို စသလိုပဲ ဝင်မွှေလိုက်တာ သိလား ... ဝမ်းသာလိုက်တာ"

ပြောပြီး ဆင့်က ရယ်သည် ။

ထိုအခါတိုင်းမှာ ခြင်း ချွေးပြန်လေသည် ။

သတ္တဝါဆို ပုပုရွရွ ဘာကောင်ဖြစ်ဖြစ် ခြင်း ရွံသည် ။

ကြောက်လည်း ကြောက်သည် ။

ဟိုးငယ်ငယ် ကတည်းက ဘယ်သူ ဘာကောင်းပဲစစ အာခေါင်ခြစ်အော်တတ်ခဲ့ပေမဲ့ နည်းနည်းလေး အရွယ်ရောက်လာတော့ ကြောက်တတ်တာကို လူသိမှာ စိုးလာသည် ။

ဘာဖြစ်ဖြစ် ပြေးမကြည့်ရဲတော့ဘဲ ဝေးရာ ရှောင်ထွက် တတ်ခဲ့၏။

"ကျွတ် ... ကျွတ် ... အဲဒါ ကျွတ်လို့ ခေါ်တယ်"

"ဘာ ကျွတ် လဲ"

"ဩော် ... ကျွတ်ပါဆိုမှ လူသံကြားရင် လူဆီရောက်အောင် လာတာတွေ့လား တွေ့လား အဲဒီလို ထောက်ထောက် သွားတာ ..."

"သွားပြီး ဘာလုပ်တာလဲ"

"သွေးစုပ်တာပေ့ါ ... တွယ်ပြီးရင် ခွာလို့ မရတော့ဘူး"

အုပ်စုဆီမှ စကားသံတွေ ပျံ့လွင့်လာသည် ။

ခြင်း ခေါင်းနားပန်း ကြီးသွား၏။

ခြေလှမ်းက ရှေ့ဆက်ဖို့ ထက် နောက်ပြန် ဆွဲသွားခဲ့သည် ။

"ငါဖြင့် ခုမှ မြင်ဖူးတယ် ခြင်းရယ် ... သွားပုံကြီးက အမြီးဖျားနဲ့ ခေါင်းဖျားကို ဟောသလို ထောက်ထောက်ပြီး ခေါင်းပြန် ထောင်သွားတာ လန်းလန်း လန်းလန်းနဲ့ အသည်းယားစရာကြီး သွားပုံကလည်း မြန်သလား မမေးနဲ့ အဲဒါကြီးကို မျိုးနိုင်တို့ ဖမ်းလာတာတဲ့ သူကောက်ယူပြီး အဖျားစနှစ်စကို ဆွဲနေတော့ သားရေကွင်း ကျနေတာပဲ"

ခြင်း ခြေလှမ်းတွေ စာသင်ခန်း၏ ကျောဘက် စိုက်ပျိုးရေး ကွင်းများဘက်သို့ လှည့်သွားခဲ့၏။

ဆူညံနေသံများ နှင့် အလှမ်း ကွာခဲ့သော်လည်း ဆင့် အဆက်မပြတ် ပစ်သွင်းနေသည့် စကားသံတွေက နားထဲမှာ စက်သေနတ်နှင့် ဆွဲချနေသည့်နှယ်

"ဘာလုပ်လုပ် မသေဘူးဟယ် တကယ်ပဲ တအား ဆွဲဖြတ်တာ မပြတ်ဘူး သံမံတလင်းပေါ် ကိုင်ပေါက်ချပြီး ဖိနပ်နဲ့ တအားရိုက်လည်း မသေဘူးဆရာ ... ငါဖြင့် အံ့ရောပဲ"

ခြင်း ချွေးပြန်နေပြီး

"ဟဲ့ ... နင် ဘယ်သွားနေတာလဲ"

ခြင်း မဖြေနိုင်သော်လည်း ခြေလှမ်းတွေ နှေးကျသွား၏။

ဆင့်က ခြင်းမျက်နှာကို ကုန်းကြည့်ကာ စိုက်ပျိုးရေးဆောင်များ ဘက်ကို မျှော်ကြည့်၍

"ဒီမှာ ဘာလုပ်ဖို့ လဲ"

ဟု ထပ်မေး၏။

"ဘာမှ မလုပ်ဘူး ဟိုမှာ ဆူညံနေတာ အခန်းဝမှာ ပိတ်ပြီး ဘယ်လို

လုပ် အတန်းထဲ ဝင်မလဲ"

မူပျက်နေရုံမက ချွေးစတွေနှင့် ပြိုးပြက် လက်နေသော ခြင်းမျက်နှာကို သေချာကြည့်၍ ဆင့်သဘော ပေါက်သွားသည် ။

ထီးကိုထောင်၍ လက်ဝါးအလယ်မှာ တင်ဆော့ရင်း ပြုံးလိုက်၏။

"အင်း ... သိပြီ ... သိပြီ ... ဟိုမှာ ကျွတ်ဆိုလို့ နင် မသွားရဲတော့တာ မဟုတ်လား ... အံ့ထူးတို့ စမှာ စိုးလို့ လေ"

"မဟုတ်ပါဘူး ... လူတွေ ရှုပ်နေလို့ ပါဆို"

"ဟွန့်"

ဆင့်က ပခုံးလေးတွန့်၍ နေရာမှာ တင် ရပ်ပစ်လိုက်သည် ...။

ရှေ့ခြေ တစ်လှမ်းကျော် လောက်မှာ ခြင်းက ရပ်ပြီး ပြန်လှည့်ကြည့်၏။

"ကျောင်းတက်ဖို့ လိုသေးတာပဲ ဟိုနားမှာ အေးအေးဆေးဆေး သွားထိုင်ရအောင်လေ"

"မထိုင်ချင်ပါဘူး ... ကျောင်းကိုရောက်မှ သူငယ်ချင်းတွေနဲ့ တွေ့ရကဲရတာ အေးအေးဆေးဆေး ထိုင်ချင်မှ ဖြင့် အိမ်မှာ ခြံထဲ ဆင်းထိုင်နေရတာပဲ ... လာ အတန်းထဲ သွားမယ်"

"ဟာ မသွားချင်ပါဘူး လူတွေ ဒီလောက် ဆူညံနေတာ"

"ဆူတာ မဟုတ်ဘူး တဲ့ ... အဲဒါပျော်စရာ ခြင်း"

"ဘာလဲ"

နင်ဟာလေ ငယ်ငယ်ကအကျင့် ခုထိမပျောက်ဘူး ဆယ်တန်း ရောက်နေပြီ ကြောက်တတ်ရင်လည်း နည်းနည်းပါးပါး ဟန်ဆောင်နေပါ

လား ... ယောက်ျားချင်းပဲ ကိုယ် ကြောက်တတ်တာနဲ့ လာခြောက်ရင် ဆွဲထိုးပစ်လိုက်ပေါ့"

"သူက စတာပါလို့ ပြောရင် ငါက သွားထိုးတာပဲ အပြစ်ဖြစ်မှာ ပေါ့ ... ဆရာမက ငါ့ကိုပဲရိုက်မှာ အများ ရှေ့မှာ ရပ်ခိုင်ပြီး မပြီးနိုင်မစီးနိုင် ဆူသမျှခံနေရမှာ ရှက်စရာကြီး"

ဆင့်က မျက်ခုံးလေးတွန့်လျက် ခြင်းကို စိတ်ပျက်သလိုလေး စိုက်ကြည့်၏။

သရီးစတကက်ပုံ ဆံပင် ပျော့ပျော့လေးတွေကို နဖူးမှ တစ်ချက် သပ်တင်လိုက်ပြီး ရောက်နေသည့် ဘူးစင်ကြီးနားမှာ ပဲ ထိုင်ချလိုက်၏။

ဘေးမှာ စိုက်ပျိုးရေး ကျောင်းသားတွေ ခြေဆေး လက်ဆေးနှင့် စိုက်ပျိုးရေးမှာ သုံးစွဲသည့် ရေကန်လေး ရှိသည် ။

ဆင့်က ရေခွက် ဘာညာတင်သည့် အုတ်ဘောင်လေးမှာ ထိုင်ချလိုက်တာ ဖြစ်သည် ။

ရေကွက်တွေလည်း ရှိချင်ရှိမည် အမှိုက်တို့ ဖုန်တို့ လည်း ရှိနိုင်သည် ။

ဘာပဲဖြစ်ဖြစ် ကျောင်းစိမ်း ထဘီလေးကို စွန်းပေသွားမှာ ကိုတော့ အားနာသင့်၏။

ခြင်းက ဆင့်လို လိုက်မထိုင်ဘဲ ဆင့် ထိုင်ချလိုက်သည် ကို ရှုံ့တွတွမျက်နှာနှင့် ကြည့်ကာ ခေါင်းကုတ်သည် ။

သူကတော့ ဘာလုပ်လုပ် သန့်စင် မွှေးပျံ့နေချင်သူ ဖြစ်သည် ။

ကိုယ့်ကိုယ်ကိုယ် သာမက ကိုယ့်နေရာ ကိုယ့်ခြေလှမ်းတိုင်းမှာ သန့်

စင်နေမှ

"ဆင့် ထစမ်း ... နင့်ထဘီတွေ ပေကုန်ပြီ သေချာတယ် အခန်းထဲပဲ သွားရအောင်"

"မထဘူး ... မသွားတော့ဘူး ..."

ဆင့်က လွယ်အိတ်ကို ရင်ခွင်ထဲမှာ ပိုက်၍ ခြင်းကို မော့ကြည့်၏။

"ခြင်း ... နင် ကိုယ့်ကိုယ်ကိုယ်တော့ ကိုသန့် ကိုတော်ကြီးလို့ ထင်မှာပဲ ငါကတော့ အဲဒီလို သူရဲဘောကြောင်တာကို မကြိုက်ဘူး ... "

"ဘာလဲ ... ငါကဘာကို သူရဲဘောကြောင်လို့ လဲ"

ခြင်းက အဲဒီလိုလည်း ဝန်ခံရမှာ ရှက်ပြန်၏။

ဆင့်ကလည်း ခြင်းကို ကဲ့ရဲ့ ဖို့ ဆို အမြဲ အဆင်သင့် ဖြစ်နေတတ်သူ။

"နင် ကြောက်တတ်တာလေ ... ရှုံ့တတ်တာကကော လွန်ကိုလွန်တာ ..."

"ဟုတ်တယ် ရှုံ့တာ အဲဒါမှန်တယ် ကြောက်တာလို့ မပြောနဲ့ ..."

"ကြောက်ရင် ကြောက်တယ်ပေါ့ နင်က အကောင်ပလောင် ဘာသတ္တဝါမဆို အကုန် ကြောက်တယ် ... အကောင်ကို ကိုင်တဲ့ လူကိုလည်း ကြောက်တယ် ခုပဲကြည့် အံ့ထူးတို့ နင့်ကိုကျွတ်နဲ့ စမှာ စိုးလို့ ရှောင်ထွက်လာတာ"

"သူတို့ က အဆင့်အတန်းမရှိ ကြီးပြင်းလာတဲ့ ဗရုတ်သုတ်ခတွေ သူတို့ နဲ့ ဘာမှ မဖြစ်ချင်ဘူး ..."

"ဘာအဆင့်အတန်း မရှိတာလဲ ခြင်း ... သူတို့ ဘာကောင်ပဲဖြစ်ဖြစ် နင်စာသင်သလို သူတို့ သင်နိုင်တယ် ဒီစာသင်ခန်းထဲ ရောက်လာကြရင်

... ဘယ်လိုပုဂ္ဂိုလ်မျိုးရဲ့ သားသမီးပဲဖြစ်ဖြစ် အားလုံးအတူတူပဲ ... လွဲချမနေနဲ့ လူကြားကောင်းအောင် ငါက နင့်ကို ရှုတ်ချနေတာနဲ့ တူချင် တူမယ် ... ဒါပေမဲ့ မုန်းလို့ မဟုတ်ဘူး ... နင့်ကို သူများ နဲ့ ယှဉ်ရင် အရှုံးပေးနေရတာ မမြင်ချင်လို့ ..."

"အဲဒါ ရှုံးတာ မဟုတ်ဘူး "

"တော်စမ်းပါ အဲဒီကောင်တွေကို နင်ငယ်ငယ်ကတည်းက လှန်နိုင်ခဲ့လို့ လား ငယ်ငယ်က ပုရစ်တွေနဲ့ တီတွေနဲ့ စ နင်ငယ်သံပါအောင် အော်တယ် သူတို့ က လက်ပိုက်ဆို ပိုက် ထိုင်ဆိုထိုင် ထဆိုထ ..."

"ဒါကလေး ဘဝတုန်းကပဲ"

ခြင်း မျက်နှာနီနီနှင့် မှုန်ကုတ်နေသည် ။

ဆင့်ပြောနေတာတွေကို သူ ဒီထက် ပိုမငြင်းနိုင်။

အံ့ထူးတို့ နှင့် သူ ဘယ်နေရာမှာ ဖြစ်ဖြစ် အမြဲ ပြဿနာရှိသည် ။

သူ ကြောက်တတ်မှန်းသိ၍ အံ့ထူးတို့ အုပ်စုက သူ့ကိုဆို ရယ်စရာတစ်ခုလို သဘောထားကာ တွေ့သည် နှင့် လက်ထဲမှာ ဘာကောင်မှ မပါတာတောင် တွေ့ကရာ တစ်ခုခုကို ပြူးပြဲလုပ်ပြကာ လိုက်တို့ တတ်ကြသည် ။

ဒီကောင်တွေ ဘာကောင်မဆို ကိုင်ရဲ သတ်ရဲတာ သိ၍ ကြောက်ရွံ့နေခဲ့သမျှ ...

"ဟာ ... ဘာကြီးလဲဟ ... ရော့ ... ရော့ ..."

ဟု ဆိုပြီး အနား ရောက် လာပြီဆို

"အံ့ထူး မ ... မလုပ်နဲ့ ... မလုပ်နဲ့ ကွာ ... ငါ ကြောက်လို့ ပါ

ငါတောင်းပန်ပါတယ် မလုပ်ကြပါနဲ့ အား ... အမလေး"

အမျိုးမျိုး တောင်းပန်၍ ခြင်း အော်ငိုရမြဲ။

ထိုအခါတိုင်း ဆင့် သူ့ဘက်က အမြဲ ရန်ဖြစ်ခဲ့သည် ။

"ဘာလုပ်တာလဲ သူများ ကြောက်ပါတယ်ဆို ဖြဲခြောက်ရသလား ခွေးဝဲစားတွေ သေနာတွေ ..."

ဆင့်က အဆဲလည်း ကြမ်းသည် ။

လက်ကလည်း ယဉ်သည် ။

ပါးစပ်က ဆဲသံထွက်သည် နှင့် သူမလက်ထဲက တစ်စုံတစ်ခု ပြေးထွက်သွားပြီ။

နှစ်ယောက်စလုံး ချမ်းသာ ကြွယ်ဝကြသည့် ဘဝ အခြေအနေခြင်းက တူပေမဲ့ စရိုက်ကတော့ ကွဲပြားနေကြ၏။

သို့သော် ဒီနေ့ထိလည်း အခင်ဆုံး သူငယ်ချင်းတွေ ဖြစ်နေလေသည် ။

"နင် ... ယောက်ျားဆိုတဲ့ သတ္တိမွေးစမ်းပါ ခြင်းရယ်"

နောက်ဆုံး ထိုစကားနဲ့ သာ ဆင့်လက်လျှော့ ခဲ့ရသည် ဖြစ်၏။

ခြင်းသည် ဖြူနုသွယ်နွဲ့သော လူချောကလေး ဖြစ်သော်ငြား ဆင့် ပါးစပ်ထဲမှာ တော့ ပိုးကြောင်လေးပဲ ဖြစ်သည် ။

ပိုးကောင်ဆို ကြောက်တတ်လွန်း၍ ကြောင်သွားခဲ့ရှာသည့် ညီမျှခြင်း။

သံတော်ဆင့်ဆိုသည့် ကောင်မလေး ခင်သော ညီမျှခြင်း။

***

# အခန်း (၂)

"ဒါကတော့ မာမီတို့ က လွန်တယ်"

"ဘာလွန်တာလဲ သမီး ..."

"ဆင့် ဆရာဝန်ဖြစ်ချင်လို့ ဒီလောက်ရဖို့ ကြိုးစားခဲ့ရတာ ဆေးကျောင်း မတက်ရဘူးဆိုတာ လွန်တာပေါ့ ... သူ့ဟာသူ သူရဲဘောကြောင်လို့ မတက်တိုင်း ဆင့်မတက်ရဘူးလား ... သက်သက် အဓိပ္ပာယ် မရှိတာ..."

"သမီး တော်တော့"

ဆင့်က ဒေါသဖြစ်ပြီဆို ဘာမဆို အရိုက်ခံ၍ ပြောတတ်သူ။

တော်ကြာ အဖေဖြစ်သူကိုပါ ခွန်းကြီးခွန်းငယ်တွေ ထမပြောဘူးလို့ မဆိုနိုင် ...

မျက်နှာကြီး တင်းနေပြီဖြစ်သည့် ဦးမျိုးဆင့်ကို လှမ်းကြည့်ပြီး ဒေါ်သန့်စင်က ဝင်တား၏။

"ဘယ်ကျောင်းမှာ ပဲ တက်တက် တစ်နယ်ရပ်ခြားကို ပို့ရမှာ ပဲဆိုတာ တွက်ပြီး ကတည်းက သမီးကို ခြင်းနဲ့ ပဲ အတူရှိနေဖို့ လူကြီးတွေက စီစဉ်ထားတာ ... ဆေးကျောင်း မတက်ရတော့ ဘာဖြစ်လဲ ဆရာဝန်ကော အင်ဂျင်နီယာကော အတူတူပဲ ..."

"ဆင့် ဆရာဝန်ပဲ ဖြစ်ချင်တာ ဆေးကျောင်းပဲ တက်ချင်တယ်"

"မတက်ရဘူး ... ခြင်းနဲ့ အတူ စက်မှုတက္ကသိုလ်ပဲ တက် ဒါမှ မဟုတ် ခြင်းက ဆေးကျောင်း တက်မယ် ဆိုရင်တော့ မာမီတို့ ခွင့်ပြုမယ် ..."

ဒယ်ဒီကို လှမ်းကြည့်တော့လည်း အမြဲတမ်း မာမီသဘောကျ ဖြစ်စေခဲ့သည့် ဒယ်ဒီမျက်နှာမှာ ထပ်ပြီး စောဒက တက်ကြည့် ဆိုသည့် အာဏာများ နှင့်။

မရတော့ဘူးဆိုတာ နားလည်လိုက်ကာ ဆင့် အခန်းထဲပြေးဝင် အိပ်ရာပေါ်မှာ ရှိသမျှ စောင်ခေါင်းအုံး ခဏတစ်ဖြုတ် ပစ်တင်ထားသမျှ ပစ္စည်းအားလုံးကို ဆွဲချလွှင့်ပစ်ရင်း ပေါက်ကွဲတော့သည် ။

စာကြည့်စားပွဲပေါ်က ပစ္စည်းတွေကိုပါ ကိုင်ပေါက်ခွဲပစ်ချင် သော်လည်း ဒယ်ဒီ လက်ဝါးကြီးကို ကြောက်သည့်စိတ်က ရှိနေသေးသည် မို့ မလုပ်ဖြစ် ...

မခံချင်စိတ်များကြောင့် အသံမထွက်သည့် ပစ္စည်းတွေ ဘယ်ထိ လွှင့်ပျံသွားသွား ဒေါသကမပြေ။

"သမီး ဆင့် ..."

အပြင်က ပြန်လာတိုင်း သံပရာရည် သောက်တတ်သည့် ဆင့်အတွက် ဖျော်ရည် လာပို့သော ဒေါ်အုန်းက အခန်းထဲ ဝင်လာရင်း ရှုပ်ပွ ပြန့်ကျဲနေသမျှ မျက်လုံးပြူးကြီးနှင့် လိုက်ကြည့်သည် ။

ဆင့် ဒေါ်အုန်း ရင်ခွင်ထဲ ပြေးဝင်လိုက်မိ၏ ...

"အုန်း... အုန်း ..."

"ဘာဖြစ်လို့ လဲ သမီးဆင့်ရယ် ..."

ဒေါ်အုန်းမှာ ဆင့်ကို တစ်ဖက်က ဖက်ထားရင်း သံပရာဖန်ခွက်ကို

တစ်ဖက်ကိုင်၍ စားပွဲပေါ် သွားချရသည် ။

"ဆင့်ကိုလေ ဆေးကျောင်း မတက်ရဘူးတဲ့ ဟိုကောင် သတ္တိမရှိလို့ ဆေးကျောင်း မတက်တာနဲ့ ဆင့်ကို မတက်ရဘူးတဲ့ ... ကြည့်ပါဦး အုန်း အုန်းရယ် ဆင့် ဂုဏ်ထူး ငါးဘာသာတောင် ပါအောင် ကြိုးစားခဲ့ရတာ အစက ဘာဖြစ်လို့ စာတော်အောင် ကြိုးစားခိုင်းသေးလဲ ဒီလိုမှန်းသိရင် ဆင့် မကြိုးစားဘူး သိလား ..."

"သမီးရယ် ..."

မိဘနဲ့ သားသမီးကြား ဘယ်တော့မှ မကောင်းရှုတ်ချ မပြောတတ်သည့် ဒေါ်အုန်းက ဆင့်ပခုံးလေးကို ဖက်၍ ချော့သည် ။

"ပုသိမ်ကနေ ရန်ကုန်ကို ပို့ရမှာ သမီးဆင့်ကို ဘယ်စိတ်ချ နိုင်ပါ့မလဲ ကွယ် ... ခြင်းနဲ့ ဆိုလို့ သာ လွှတ်ရတာ သမီးချောလေးကို မမသန့်က စိတ်ချတာ မဟုတ်ဘူး ..."

ဆင့် ငိုနေရာမှ ကိုယ်ကို ပြန်မတ်သည် ။

"ခြင်းက ဘယ်လောက်ထိ စိတ်ချရလို့ လဲ အုန်းအုန်း ... သူ့ကိုတောင်မှ ဆင့်က လိုက် ကာကွယ်နေရတာ အလကား လူကြောက်"

"ဒါက ဒါပဲလေ ယောကျ်ားလေး တစ်ယောက် အနားမှာ ရှိလို့ လုံခြုံမှု ရှိတာကိုတော့ ငြင်းလို့ မရဘူး ... ပြီးတော့ သမီးတို့ သွားကြမှာ က ခြင်းရဲ့ ဘကြီးအိမ်ကို ဘယ်နေရာဖြစ်ဖြစ် အတူတူဖြစ်ဖို့ လိုတာပေါ့ ..."

"တော်ပြီ ... တော်ပြီ ... အုန်းအုန်းလည်း အတူတူပဲ မပြောနဲ့ တော့ ..
."

ဆင့် မျက်ရည်တွေ သုတ်ပစ်ကာ အပြင် ပြန်ထွက် လာသည် ။

သံပရာရည် သောက်ဖို့ လည်း မပြောဖြစ်တော့ဘဲ ဒေါ်အုန်း အခန်း ထဲမှာ ရှင်းလင်းကျန်ခဲ့၏။

ဆင့် ခြံချင်း ကပ်လျက်နေသည့် ပြည်ကျော် ခြံထဲကို နောက်ဖေး မ လွယ်ပေါက်ကနေ ကူးလာခဲ့သည် ။

တကယ်တော့ ခြင်းတို့ ခြံမှာ နာမည်မရှိပါ။

ဆန်စက်တွေ သစ်ခွဲစက်တွေ ပိုင်ဆိုင်ကာ ဖွင့်ထားသည့် ဆီဆိုင်ကြီး တွေ အားလုံးကအစ "ပြည်ကျော်"တွေနဲ့ ချည်းမို့ အိမ်ကိုလည်း "ပြည် ကျော်" ခြံဟု ပဲ အများက ခေါ်ကြတော့သည် ။

ဆင့်တို့ မှာ စက်လှေတွေရှိသည် ဆန်ပွဲရုံတစ်ရုံ ရှိသည် ။

စီးပွားဥစ္စာကျတော့ ဆင့်တို့ က ခြင်းတို့ ကိုမမီပါ။

ဒါပေမဲ့ မိဘချင်းကတော့ မွေးချင်း မောင်နှမလို ရင်းနှီး ချစ်ခင်နေကြသည် ။

ဆင့်တို့ ချင်းလည်း တွယ်တာခဲ့ကြသည် ။

သို့သော် အောင်စာရင်း မထွက်ခင်အထိပဲ ဖြစ်သည် ။

ခုချိန်မှာ ဆင့်ရင်ထဲမှာ ဒေါသကလွဲ၍ ဘာမှ မရှိ။

သူမ ရောက်သွားသည့် အချိန်တွင် ခြင်းက သူငယ်ချင်း နှစ်ယောက် နှင့် ခြံထဲမှာ ရယ်လို့ မောလို့ ...

ရှော့ပင်န်အနီရဲရဲ စပို့ရှပ်ရဲရဲလေးနှင့် ဆင့် ဘောက်ဆတ်ဆတ် ဝင် သွားတော့ စက်ဘီးတွေနားမှာ ရပ်နေရာမှ ခြင်းက လှမ်းကြည့်၏။

ဟိုကောင်တွေပါ ရယ်လက်စကို ရပ်သိမ်း၍ လှမ်းကြည့် နေကြ၏။

"ခြင်း"

"ဘာလဲ"

ဟု ထူးရင်း မျက်တောင်ဖျားတို့ မှာ လက်ကျန် ရှိသေးသည့် မျက်ရည်စတို့ ကို ခြင်းက စူးစမ်းကြည့်၏။ ဆင့်က ခြင်း၏ ပခုံးတစ်ဖက်ကို ဆောင့်တွန်း ပစ်လိုက်ပြီး။

"နင်က ဘာဖြစ်လို့ ဆေးကျောင်း မတက်တာလဲ ..."

"မတက်ချင်လို့ မတက်တာပေါ့ ..."

"အဲဒါ ဘာဖြစ်လို့ မတက်ချင်ရတာလဲ ... နင်ကြောက်တတ်လို့ မတက်တိုင်း မာမီကလည်း ငါ့ကို ဆေးမတက်ရဘူးတဲ့ ... အစကတည်းက ဒါကို သတ္တိ မရှိရင် နင် လျှော့ဖြေပါလား အဓိပ္ပာယ် မရှိဘူးလား ... ဆေးကျောင်းပဲ နင်တက် ဒါပဲ ..."

"ဟ အသားလွတ်ကြီးပါလား"

သူတို့ နှစ်ယောက် ဖြစ်နေပုံကို ကြည့်ကာ ရပ်နေသည့် နှစ်ယောက် ပြုံးစိစိ ဖြစ်သွားကြ၏။

"ခြင်း ငါတို့ ပြန်တော့မယ်"

"ဩော် အေး ငါ လိုက်မပို့တော့ဘူးနော်"

"မပို့ပါနဲ့ မင်းပြဿနာ မင်းရှင်းပါ"

"စပ်ဖြဲဖြဲ မျက်နှာတွေကို ဆင့်က မျက်စောင်း လှမ်းထိုး သေးသည် ။

"ခြင်း"

"ဘာလဲ"

"ငါ တောင်းပန်ပါတယ် ငါတို့ ဆေးကျောင်းပဲ တက်ရအောင်ပါဟာ

နော် ... ဒီလောက်ထိ ကြိုးစားခဲ့ရတာ ရထားတဲ့ အမှတ်တွေ နှမြောစရာကြီး ..."

"ငါမှ ဝါသနာ မပါတာ ..."

"ဝါသနာကို လွှဲမချနဲ့ နင်ကြောက်တာ သတ္တိမရှိတာ ..."

ဆင့် အာခေါင်ခြစ် အော်သည် ။

တောင်းပန်လိုက် ထအော်လိုက်နှင့် ဆင့်ကို ခြင်းက နားမလည်သလို ကြည့်၏ ...။

"ဘယ့်နှယ် လူကို သတ်တော့ ပုတ်တော့မလို ဘာဖြစ်တာလဲ ငါ့ဟာ ငါ ဘာပဲယူယူပေါ့ ..."

"နင်ယူချင်တာယူ ပြဿနာ မရှိဘူး ... မာမီက ငါ့ကို နင့်လိုပဲ စက်မှု တက်ခိုင်း နေတာ ငါ့ကျတော့ ငါယူချင်တာ ယူခွင့်မရှိဘူး အဲဒါ ကောင်း လား ..."

ဆင့် အဖြစ်ကို ကြိုသိထားသည့်ပုံနှင့် ခြင်းက မတတ်နိုင်ဘူး ဆို သော သဘော ပခုံးတွန့်ပြသည် ။

မျက်နှာသည် ကျေနပ်အားရ နေသလိုမျိုးပါ။

ဆင့် သေချာကြည့်လေ ဒေါသဖြစ်လေ

ဆက်ပြောနေလည်း ဒီစကားတွေပဲ ထပ်နေမည်။

ခြင်း ဆရာကြီးပုံစံနှင့် လူလည် ကျချင်သည့်ရုပ်ကို မြင်နေရဦးမည်။

"တောက်"

ဆင့် တက်ခေါက်၍ ဆတ်ခနဲ ပြန်လှည့်လျှင် ခြင်းက ဆင့်လက်က လေးကို လှမ်းဆွဲ ထားလိုက်၏။

"ဆင့်"

"ဘာလဲ"

"စိတ်မဆိုးပါနဲ့ ဟာ ... ငါက ငါ ဝါသနာပါတာ ငါယူလိုက်တာ နင့်ကို တမင်ပါအောင် ဆွဲခေါ်တာမှ မဟုတ်တာ ..."

ဆင့် မျှော်လင့်ချက်လေးနှင့် ပြန်လှည့်လာ၏။

"ဒါဆို ငါတို့ ဆေးကျောင်းပဲ တက်ကြမယ်"

ဟု ထပ်ပြော၏။

"ခွဲတာ စိတ်တာတွေ အနာတွေ သွေးတွေ ငါရွံတယ်ဟ ပြီးတော့ လူပေါင်းစုံ အဆင့်အတန်း မျိုးစုံကို ထိရ ကိုင်ရ စမ်းသပ်ရနဲ့ ငါ့ကို နင် နားလည်စမ်းပါ ငါတမင် အနိုင်ယူနေတာ မဟုတ်ပါဘူး နင့်ကို ညှာပြီး ဆေးကျောင်းယူဖို့ က ဘယ်လိုမှ မဖြစ်နိုင်တာ ... တစ်ခုပဲရှိတယ် ... အန်တီတို့ ကို ငါ တတ်နိုင်သလောက် ပြောပေးပါ့မယ်"

"မလိုပါဘူး ... နင့်လိုလူကို ငါက အဲသလောက် ဆရာလုပ်ခွင့် မပေးဘူး ..."

ဆင့် ချာခနဲ လှည့်ထွက်သွားသည် ။

ခြင်း ခေါင်း တယမ်းယမ်းနှင့် ကျန်ခဲ့လေသည် ။

မာမီတို့ ထပ်ပြောတာများ ဆင့်ကို ပြန်ပြောပြလိုက်ရင် ခက်ဦးမည်။

"အချိန်မတန်သေးပေမဲ့ တစ်နယ်တစ်ကျေးကို သွားတော့မှာ ဆိုတော့ ပြောရမှာ ပဲ သား ရည်းစား မထားရဘူးနော်... သားကို ဆင့်နဲ့ ပဲ လက်ထပ်ပေးဖို့ ပြောဆို စေ့စပ်ပြီးသား ဒီပြင် ဘယ်မိန်းကလေးနဲ့ မှ သဘောတူမှာ မဟုတ်ဘူး ကြိုအသိပေးထားတာ"

ခြင်း သက်ပြင်း ချလိုက်မိသည် ။

လူကြီးချင်းခင် လူငယ်ချင်းစေ့စပ် ...

ဒါဟာ ဖြစ်တတ်သော သဘာဝ လမ်းဟောင်းကြီးပါ။

သို့သော် ... သူနဲ့ ဆင့်တို့ က ဆန်းနေသည် ။

ငယ်ငယ်ကတည်းက ခင်မင်ခဲ့ကြပေမဲ့ စရိုက်ချင်းက မတူ ရင်းနှီးနေကြ သော်လည်း နင့်သီးစွာ တွယ်တာ ခဲ့ကြတာတော့ မဟုတ်ခဲ့ဘူး ထင်သည် ။

တစ်ယောက်နဲ့ တစ်ယောက် လက်ချင်း ချိတ်ထားခဲ့ကြသည့်တိုင် သူက စက်ဝိုင်းဆို ကိုယ်က စတုရန်း ...

သူက အဖြူဆို ကိုယ်က မည်းနေခဲ့သည် ။

ဒါတွေဟာ တမင် အတိုက်အခံ လုပ်ခဲ့ကြတာဆို အရောင် အမျိုးမျိုးနှင့် ဆေးဆိုးပစ်လို့ ရနိုင်သေးသည် ။

တကယ်က ... မတူညီခဲ့သော သဘာဝချင်းကိုက ကွဲပြားနေကြတာ ...

***

# အခန်း (၃)

ရန်ကုန် ရောက်ကတည်းက ရှာလိုက်ရတဲ့ မြကြာ ...

ဘယ်နား သွားမေးမေး မသိဘူး မရှိဘူး ဆိုတာပဲ ကြားရသည် ။

မမေးတော့ပါဘူး ပြန်မယ်ဆိုသည့် စိတ်ဝင်လာတော့ ရှိတယ် ဘယ် လမ်းမှာ ဘာညာနှင့် လမ်းညွှန် လာပြန်သည် ။

"တော်ပြီဟာ ... မရှာနဲ့ တော့ နင့်သူငယ်ချင်း လိပ်စာမှားကြီး ပေး တာနေမှာ ရှာရတာ တစ်မနက်လုံး ထမင်းလည်း ဆာ လာပြီ"

ပထမဆုံး ခြင်းပဲ အသံထွက်လာသည် ။

အမြင်ကတ်ကတ်နှင့် သည်းလိုက်တာဟု ပြောဖို့ လှည့်ကြည့်တော့ ဘေးက ထိုင်လိုက်ရသည့် သူ့မှာ ချွေးတွေပြန်လို့ ...

လမ်းသွယ်လေးတွေ ထဲကနေ လမ်းမပေါ် ပြန်တက် လာပြီး သော က်ရေကန်ကြီး တစ်ခုဘေးမှာ ကားကို ရပ်ပစ်လိုက်မိသည် ။

ပြောချင်သည့် စကားတွေက ပါးစပ်ထဲမှာ တစ်လုံး ပြည့်နေပြီ။

"နင်ဟာလေ တစ်မနက်လုံး ငါမောင်းတဲ့ ဘေးကနေ ထိုင်လိုက်ပြီး ပါးစပ်တစ်ချက်မှ မပိတ်ဘူး ခုကျတော့ ဆာသတဲ့ ...။ စားခဲ့တာချင်း အ တူတူ နင်မစားဘဲ ငါဘာမှ ထပ်မစားဘူး ယောက်ျားဖြစ်ပြီး စိတ်ပျက် လွယ်တာက လွန်ရော ..."

"စိတ်ပျက်လွယ်တာ မဟုတ်ဘူး ... လန့်နေတာ ရန်ကုန်မှာ ကားမမောင်းဖူးဘဲနဲ့ နင်ထင်ရာ လုပ်နေတာ ကြည့်ဦး ... အန်ကယ်သောင်းက ဒရိုင်ဘာ ထည့်ပေးမယ် ဆိုတာ ရပါတယ် ရပါတယ်နဲ့ "

"အခု ငါက ဘယ်လို မောင်းနေလို့ လဲ ဘာတွေကို ဝင်တိုက်နေလို့ လဲ ..."

"မတိုက်သေးဘူးလေ ..."

"ဟုတ်တယ် တိုက်ဦးမှာ ခုပြန်ရင် တိုက်မှာ မယုံမရှိနဲ့ ..."

"ဟာ ဥုံဖွ ... လွဲပါစေ ဖယ်ပါစေ ... ဆင့် ကားမောင်းတဲ့ သူဆိုတာ စကားပြော မပေ့ါဆရဘူး ... နင်ဘာလဲဟာ ..."

ဆင့်က နှုတ်ခမ်းမဲ့ရုံ အားမရဘဲ မျက်နှာလေးပါ မဲ့ပစ်လိုက်သေးသည် ။

"ကြောက်တတ်ရင် ဆင်း လိုင်းကားတွေ သွားတိုးစီး ..."

"လိုင်းကားမှ ငါ တိုးမစီးတတ်တာ ... ကဲပါဟာ ဆယ်နာရီ ကျော်နေပြီ ပြန်ရအောင် ..."

"မပြန်သေးဘူး မြကြာကို ငါတွေ့အောင် ရှာမှာ ..."

ဒီတစ်ခါ ခြင်း တကယ်ဒေါသ ဖြစ်သွားသည် ။

ဆင့်ဘက်ကို ဖျတ်ခနဲ လှည့်ထိုင်လိုက်ပြီး

"လိပ်စာ မမှန်လို့ မတွေ့တဲ့ ဥစ္စာ ဆက်ရှာနေတော့ ဘာထူးမှာ လဲ ရန်ကုန်မှာ မြကြာကို မတွေ့ရင် ရပ်တည်လို့ မရတော့မှာ ကျနေတာပဲ ... ဘာလဲ တွေ့အောင်ရှာပြီး အမွေ တောင်းမလို့ လား ..."

"ဟုတ်တယ် တောင်းမလို့ တော့ မဟုတ်ဘူး ... ငါကပေးမှာ မြကြာ

က နင့်ကို ကြိုက်နေတာလေ ... အဲဒါ နင့်ကိုပေးမှာ ..."

"အံမာ ဆင့် နင်စကား ပြောတာ ကြည့်ပြောနော် ..."

မြကြာနှင့်စတော့ ခြင်း ဒေါပွသွားသည် ။

ဆင့်က တခစ်ခစ်ရယ်၏။

မြကြာက သဘော အလွန်ကောင်း၍ ခင်စရာ ကောင်းပေမဲ့ နှုတ်ခမ်းပြာသည် ပါးစပ်ပြဲချင်သလို ရှိကာ မျက်လုံးလှလှ နှာတံပေါ်ပေါ် မို့ ကုလားဆင် ဖြစ်၏။

ကိုယ်လုံးကျတော့ ခါးရိုးလေးတွေ ပေါ်နေအောင် ပိန်ပြန်သည် ။

ထို့ကြောင့် အလှအပကြိုက်သော ခြင်းတစ်ယောက် ဆတ်ဆတ်ခါ သွားပါ၏။

ပြီးတော့ သူ့ရင်ထဲမှာ ကလိကလိ ဖြစ်နေခဲ့၏။

ရန်ကုန်ကို ထွက်လာကတည်းက သူတို့ ကို လူကြီးတွေက အသိပေး လိုက်ကြပြီးသား ကျောင်းပြီးတာနဲ့ လက်ထပ်ပေးဖို့ ဆိုတာ သိရက်နဲ့ ...

ဆင့်က ခြင်းမျက်နှာကြီးကို ကြည့်၍ ရယ်ရင်း ကားပေါ်က ဆင်းလိုက်၏။

"ဒါ ဘာလုပ်တာလဲ"

"ဆင်းတာလေ ..."

"အေး ဆင်းတာကိုပေါ့ ဘာလုပ်ဖို့ ဆင်းတာလဲ..."

"ဟိုမှာ ကြာပန်းတွေ ခူးမလို့ ..."

ထိုအခါကျမှ ခြင်း လှမ်းကြည့်မိသည် ။

ကန်ရေပြင်ကြီးထဲမှာ ကြာပန်းတွေ ပွင့်နေလိုက်တာ ပြာလဲ့နေတာ လှရက်လွန်းသည် ။

"ဒါ သောက်ရေကန် ထင်တယ်... ပန်းခူးလို့ ရလား မရလား မသိဘဲနဲ့ ..."

"မရရင် ခူးပြီးမှ လာပြောလိမ့်မယ် ခူးပြီးတဲ့ ပန်းတော့ ငါရမှာ ပဲ"

"ဆင့်"

ဆူးကြိုးတွေနှင့် ကာရံထားသည့် သောက်ရေကန်ဝင်းထဲ ဆင့်ဝင်သွားတော့ ခြင်း နောက်က ပြေးလိုက်လာသည် ။

"ဆင့် ကြည့်စမ်း ကန်က ရေအနက်ကြီးပဲ လှမ်းလို့ မီတဲ့ နေရာမှာ ပန်းက ရှိတာ မဟုတ်ဘူး ... မခူးပါနဲ့ ဟာ ... ငါ ဝယ်ပေးပ့ါမယ် ..."

"အံမာ ..."

သူလက်ကိုဆွဲတော့ ဆင့်က ဆောင့်ရုန်း ပစ်သည် ။

"ကြာပန်းကို လိုချင်တိုင်း ဝယ်လို့ ရတယ် မှတ်နေလို့ လား ဖယ်စမ်းပါ ... ငါရအောင် ခူးမယ်..."

နှစ်ယောက်သား ကန်စပ်ရောက်တော့ ရေက စိမ်းညို့ကာ အောက်ခြေကို ငုံ့ကြည့်ပေမဲ့ မမြင်ရ။

ရေခပ်ရန် သတ်မှတ်ထားသည့် အုတ်လှေကားထစ်တွေက အပေါ်မှာ နှစ်ထစ်သာ ပေါ်နေပြီး ရေထဲမှာ မြုပ်နေကြ၏။

ပြီးတော့ ဒုတိယထစ်မှာ ပင် ရေညှိတွေ တက်နေသဖြင့် ရေက ဒီနေရာမှာ အမြဲရှိနေတာကို ဖော်ပြနေသည် ။

ဆင့်က ရေထဲနစ်နေသည့် အုတ်လှေကားထစ်ထိ ဆင်းလိုက်ပြီး လ

က်လှမ်း ကြည့်သည် ကြာပန်းတွေနဲ့ က အဝေးကြီးပါ။

"ဆင့် သိပ်မကုန်းနဲ့ လေ ... ရေထဲ ကျသွားလိမ့်မယ် ..."

ရှေ့ကို ပြုတ်ကျတော့မလို ဖြစ်ပြီးမှ ဆင့်ကိုယ်ကို ပြန်မတ်၍ ရယ်သည် ။

"နင်ကလည်း အဝေးကနေ အော်နေတယ် ... နင့်ရှေ့မှာ ကမ်းစပ်က ပြေပြေလေးရယ် နည်းနည်း ဆင်းကြည့်စမ်းပါ မီလောက်ပါတယ် ဟ ... ယောကျ်ားလေး လက်ပဲဟာ ..."

"ဟာ ငါမဆင်းရဲဘူး ..."

ပြောလိုက်ခြင်းက နောက်ကို ထပ်ဆုတ်၍ ကပျာကယာ ငြင်းသည် ။

"ဟွန့် ယောကျ်ား မဟုတ်သလိုပဲ သူလုပ်နိုင်တာ ဘာမှ မရှိဘူး ..."

"ပြောလိုက်ရင် နင်ဒါပဲ ..."

မခံချင်စိတ်လေးနှင့် ခြင်း ရှေ့ပြန်တိုး၏။

ကိုယ့်ကိုယ်ကိုယ် သတ္တိနည်းတတ်တာ သိပေမဲ့ ယောကျ်ား မဟုတ်ဘူး ပြောတာကိုတော့ ခြင်း မခံနိုင်ပြန်။

အထူးသဖြင့် ဆင့် အထင်သေး အမြင်သေး ပြောတာကို ဖြစ်၏။

"ဒါဆိုလည်း ခူးပေးလေ ... သုံးပွင့်လောက်ပဲ ..."

အားတက်သရော တိုက်တွန်းရင်း လှေကားထစ်တွေပေါ်ကနေ သူ့ဆီ ပြန်ပြေးလာတော့ ခြင်း သတ္တိမရှိပေမဲ့ ခေါင်းမခါချင်တော့ ..."

"ငါ စမ်းဆင်းကြည့်မယ် အခြေအနေမဟန်ရင် ပြန်တက်မှာ ဇွတ်မခိုင်းနဲ့ နော် ..."

"ဆင်းပါ ... သေမယ့်လမ်းဆို ငါက ဇွတ်လွှတ်ပါမလား ..."

"အမလေး ပြောလိုက်တာ တစ်တစ်ခွခွ မိဆင့်နော် အလိုလိုကာမှ ကျောချမ်းရတဲ့ အထဲ ..."

ဆင့် ခိုးခိုးခစ်ခစ် ရယ်တုန်း ခြင်း ပထမခြေလှမ်းဖြင့် ရေစပ်ကို ဆင်း၏။

"ဆင်းပါဟာ ပြေပြေလေးဥစ္စာ"

ခြင်း စကားမပြန်နိုင်။

ခြေချောင်းတွေကို အသားကုန် ကုတ်ယူထား၍ ရှေ့ကို တရွေ့ရွေ့ တိုးလေ၏။

ဆန့်ထားသည့် လက်ကို ကြာပန်းနှင့် နီးသထက်နီးအောင် ကိုယ်ကိုပါ ကိုင်းထားရသေးသည် ။

ပန်းနဲ့ လက်ဖျား တစ်ထွာသာသာခန့် အလိုတွင် လှမ်းထားသည့် ရှေ့ ခြေဦးထိပ်က နင့်ခနဲ ဖြစ်သွားသဖြင့် လက်က တွန့်ခနဲ ပြန်ဆုတ်၏။

"မီတော့မယ့်ဟာ ခြင်းရယ် နင်က သိပ်ကြောက်တတ်တာပဲ နည်းန ည်း ထပ်တိုးလိုက်ရင်ရပြီ ..."

"ဟ ... ဒီမှာ အောက်ကချော်နေတာ လူပဲရေထဲ ဒူးဆစ်ကျော်နေပြီ ချော်ကျသွားရင် ခြေလွတ် လက်လွတ်ကြီး ..."

"ကျစရာလား ဒီလောက်မှ မနစ်သေးပါဘူး ... ရေစပ်စပ်လေးမှာ ရ ပ်နေပြီးတော့များ ..."

"နင် စဉ်းစားကြည့်ပါလား ဒီလောက် လွယ်လွယ်လေး ခူးလို့ ရနေရ င် လူတိုင်းခူးလို့ ပန်းတွေ ဒီနားထိ ထူပိတ်နေပ့ါ မလား ..."

"မြင်နေ တွေ့နေကြ လူတွေကတော့ မမက်လို့ နေမှာ ပေ့ါ ခူးလိုက်စမ်းပါ မြန်မြန် ..."

ဆင့်ကလည်း တိုက်တွန်းနေသည် ။

ခြင်းလည်း ရှေ့မတိုးဝံ့ဘဲ တွင် တွင် ရုန်းလုပ်နေ၏။

ထိုစဉ် ခြင်းရှေ့သို မည်းခနဲ အရာတစ်ခု ပြုတ်ကျ လာပြီး ...

"ဗွမ်း ..."

"အောင်မလေး ..."

"ခြင်း ..."

ရေတွေ ပွမ်းခနဲ ပွထကာ ကြာပန်းတချို့က ခြင်း ရင်ခွင်ထဲထိ လှိုင်းပုတ်၍ ပစ်ဝင်လာသည် ။

သို့သော် ခြင်း ပန်းခူးဖို့ သတိမရတော့ပါ ...

ဗွမ်းခနဲဆို လန့်ဖျပ်သွားတာ ခြေထောက်က ချော်သွား၏။

ကိုယ်ကို ပြန်လှည့်ပြေးဖို့ အားယူလိုက်တော့ ချော်ကျဖို့ အတွက် တအား ပိုသွားပြီး ရေထဲသို့ စွတ်ခနဲမြုပ်၏။

ခေါင်းတစ်လုံး ပေါ်နေအောင် မနည်း ကျုံးရုံးထရင်း ရေထဲ ရောက်သွားသည် ။

"ဆင့် ..."

"ခြင်း ... ခြင်းရေ ... အမလေး လုပ်ကြပါဦး ..."

"ဟား ... ဟား ... ဟား ..."

"ဟင် ..."

နောက်က ရယ်သံကြောင့် ဆင့် လှည့်ကြည့်လိုက်တော့ စပို့ရှပ်အပြာရောင် ဂျင်းရှော့ပင်းန်နှင့် ဆင့်တို့ အရွယ် လူငယ်တစ်ယောက် အရပ်ကြီး မြင့်မြင့်မားမားနှင့် ရှော့ပင်ဝတ်ဆင်ထားပုံက ကလန်ကလားပေမဲ့ ရှည်လွန်းသော ဆံပင်ဘုတ်သိုက် ကုပ်ထောက်နှင့် ဆိုတော့လည်း လိုက်ဖက်ပါ၏။

သူက ခြင်း ယက်ကန်ယက်ကန် ဖြစ်နေသည် ကို ခါးထောက် ကြည့်၍ ရယ်နေသည် ။

"ဆင့် ... ဆင် ငါ့ကိုဆွဲပါဦး ..."

ခြင်းက  တက်လို့ မရတော့ ငိုတော့မည့်နှယ် ဖြစ်နေရှာ၏။

ဆင့် ခြင်းဘက်ကို ပြန်လှည့်ကာ ရေစပ်ကို ပြေးဆင်းသည် ။

သို့သော် ခြင်း လျှောကျသွားသည့် ခြေရာ စွတ်ကြောင်းကြီးက ရှိနေသဖြင့် ဘယ်ကနေရပ်၍ လှမ်းဆွဲရမှန်းမသိ ...

ခြင်းကိုမိဖို့ က ရေထဲ ဆင်းဆွဲမှ သာ ရတော့မည်။

"ကယ်ပါ ယူပါ အော်မနေစမ်းပါနဲ့ ကွာ ... မင်း ယောက်ယက်ခတ်နေတာတွေ ခဏလေးရပ်ပြီး ငြိမ်ငြိမ်နေလိုက် ... သာသာလေး ပြန်တက်ခဲ့လို့ ရတယ်"

"ရမလားကွ ... ငါရပ်လိုက်ရင် နစ်သွားမှာ ပေါ့ ..."

"ဟား ... ဟား ... ဟား ..."

သူက ရယ်လိုက်ပြန်သည် ။

လက်ထဲမှာ ကိုင်ထားသည့် ငါးမျှားတံကို ဘာမှ မလုပ်ဘဲ တသသကိုင်နေပြီး ခြင်းကို မျက်ခုံးတွန့်လျက် အထင်မြင်သေးစွာ ကြည့်၏။

"မင်း ခွေးကူးတောင် မကူးတတ်ဘဲနဲ့ ... ရေက မင်းတစ်ရပ်မနစ်လို့ မသေတာပေါ့ကွ ..."

"ဟား ... ဟား ... ခွေးတစ်ကောင် ရေထဲပစ်ချတာမှ ကြည့်ကောင်းဦးမယ် ..."

"မင်း ..."

ခြင်း သေသေချာချာ ထောက်ကြည့်တော့ ခြေထောက်မိပြီး ပခုံးပေါ် နေသေးသဖြင့် စကားလုံးတွေ ရပ်တန့်သွား၏။

ကိုယ့်အဖြစ်ကိုလည်း ရှက်ရမှန်း သတိရသွားသည် ။

ဆင့်ကိုယ်တိုင် တရားခံကို ခုမှ တွေးမိကာ လက်နှစ်ဖက်ကို တင်သားလေးတွေပေါ် ဆတ်ခနဲပစ်တင်၍ ခါးထောက် လိုက်၏။

"ခုနက ရေထဲကို ခဲပစ်ချလိုက်တာ နင် မဟုတ်လား ..."

"ဟုတ်တယ် ပန်းနဲ့ လက်နဲ့ မိသွားအောင် ကူညီတာလေ ... ပန်းတွေ ရတော့ သူမှ မရူးဘဲ"

ဟုတ်တော့ ဟုတ်ပေမဲ့ ဆင့် မကျေနပ်ပါ။

ဒါ ကူညီတာမဟုတ် ...

"လူတစ်ဖက်သားကို ဒုက္ခရောက်အောင် လုပ်ပြီးမှ ကူညီသလိုလို လာမပြောနဲ့ နင့်ကြောင့် ခြင်း ဒုက္ခရောက်တာ သွားလေ သွားဆွဲတင်ပေး ..."

"မာရေကျောရေနဲ့ ပါလား ..."

ဆံပင်တစ်ချက် သိမ်းလှန်ပြီး ခပ်စွေစွေ လှည့်ကြည့်၏။

ဆင့်က မျက်စောင်းထိုးပစ်သည် ။

ထိုအချိန်တွင် ခြင်းတစ်ယောက် လေးဖက်ထောက်၍ တွားတက်လာပြီ ဖြစ်သည် ။

ဤပုံစံ မဖြစ်ရအောင် သူ ဘယ်လိုကြိုးစားလို့ မှ မရသောကြောင့် တက်ခဲ့ရသည် ။

ဆင့် မျက်လုံးလေး ပြူးကာ ခြင်းကို ပြေးဆွဲ၏။

တစ်ယောက်သောသူက ရယ်လေသည် ။

"ဟိတ်ကောင် ... မင်း ... မင်းက ဘာရယ်တာလဲ ..."

ခြင်း ရှက်ရှက်နှင့် လှမ်းမဲသည် ။

သူက ပိုရယ်၏။

"ရယ်စရာမို့ ရယ်တာပေါ့ကွ ငါက ကန်ထဲမှာ ငါးခိုးမျှားတာ မင်းတို့ကြောင့် အနှောင့်အယှက် ဖြစ်ရတာ ... ဒီကြားထဲ ပန်းရအောင်လည်း ကူညီရတယ် ..."

"ဘာကူညီတာလဲ ..."

ဆင့်က ရန်တွေ့သည် ။

သူက ဖျတ်ခနဲ လှည့်ကြည့်၏။

"ဟုတ်တယ်လေ သူ ညှံ့လို့ မရတာပဲ"

"ဆင့် ပြောမနေနဲ့ ... သွားမယ်"

ဒီလိုပဲ ပွဲကြမ်းတော့မည် ထင်လျှင် ခြင်း ရှောင်ဖို့ ကြိုးစားတော့မည်။

ဆင့်က မကျေနပ်ပါ ... သူ့ကြောင့် ခြင်း ပုံပျက်ပန်းပျက် ဖြစ်သွားရတာ

ရုပ်ကိုက ... ဟွန့် ...

ခြင်း တစ်ကိုယ်လုံး ရေစက်လက်နှင့်မို့ ကားဆီပြန်ခဲ့ရသည် ။

စိတ်ထဲမှာ လည်း မကောင်းပါ။

ဖြစ်ရတာ ကိုယ့်ကြောင့်

ကားပေါ်တက်ပြီးမှ အမှတ်တမဲ့ လှမ်းကြည့်လိုက်မိလျှင် ဆင့် စက်နှိုးဖို့ မေ့သွားမိ၏ ...

သူသည် ငါးမျှားတံကို လှလှပယမ်းကာ ကြာပန်းတွေဆီ ပစ်၏ ...

ပြီးတော့ ရေထဲကို ခြေတစ်ဖက်စာ ချတိုးပြီး ကြာပန်းတွေကို အသာ လေး ဆွဲယူ၏။

ဒေါသ ဖြစ်တာက သတ်သတ် ...

သူ ပန်းတွေကို ခူးလို့ ရနေပြီဆိုသည့် စိတ်ကလေးနှင့် တပ်မက်စိတ် က ဖြစ်ပြန်သည် ။

သို့သော် ဘာလုပ်ဖို့ လဲ ...

စိတ်ကို ပြန်တင်းပစ်ကာ စက်နှိုးလိုက်၏ ...

"ချမ်းလိုက်တာဟာ မြန်မြန် မောင်းစမ်းပါ ... အဲ ... မမောင်းနဲ့ ဖြည်းဖြည်းမောင်း ... ဖြည်းဖြည်း မောင်းနော် ဆင့် ... ငါယောင်သွားလို့ ..."

သူကလည်း တစ်မျိုး ...

ဆင့် သနားစိတ် လက်ကျန်လေးနှင့် မျက်စောင်းထိုးမလို့ လုပ်ပြီးမှ ပြန်ထိန်းရသည် ။

ထိုစဉ် ကားကို ခပ်ဖြည်းဖြည်း လိုမ့်၍ လမ်းပေါ် ပြန်တက်ဆဲ

"ရော့ ... ဒါ ယူသွားဦး ..."

ရင်ခွင်ထဲ လှမ်းထည့် ပေးလိုက်သည့် စွင့်ကားနေသော ကြာပန်းပွင့်ကြီးတွေ ငါးပွင့်ကြီးများ တောင် ...

ရင်ခွင်ထဲမှာ ရေတွေ စိုသွားတာတောင် ဆင့် စိတ်ဆိုးဖို့ သတိမရ

သူ့ကိုလည်း မော့မကြည့်မိအောင် တမင်နေကာ ကားကို အရှိန်မြှင့်လိုက်သည် ။

အတော် မောင်း လာပြီးမှ ပန်းတွေကို ငုံ့ကြည့်၍ ပြုံးလိုက်မိသည်

"ဖြစ်နေတာ ရုပ်က ..."

ပန်းတွေ ပေးလိုက်တာ မြင်ကတည်းက မျက်နှာပျက်သွားသည့် ခြင်းက ချမ်းချမ်းနှင့် လက်ပိုက်ကုတ်နေရင်း မကျေနပ်သံနှင့် လှည့်ပြောသည် ။

ဆင့်က မျက်နှာကို ကပျာကယာပြင်၍ ရယ်ပြသည် ။

ခြင်းလည်း ပန်းခူးတာ မရပေမဲ့ ... သူမအတွက် ကြိုးစားခဲ့ရှာတာပဲ . ..

"နင်ကလည်း ... ဘာပဲဖြစ်ဖြစ် ပန်းရလာတာပဲဟာ ... နင်ငါ့ကို ပန်းရစေချင်လို့ ကြိုးစားပေးတာ မဟုတ်လား ... ငါရသွားတာ နင်ကျေနပ်ပေါ့ ..."

"ကဲပါ ... ကားကို ကြည့်မောင်းဦး ..."

ကားလေးက ခပ်မှန်မှန်လေး ပြေးလိုမ့်နေသော်လည်း ဟန်ဆောင်ပန်ဆောင် အံကြိတ်နေရသည့် ခြင်း ရင်ထဲမှာ ရေခဲမြစ်ကြီး ဖြစ်နေပြီ

လား မသိ။

တကယ်ပါ ... သွေးတွေ ခဲကုန်ပြီထင်သည် ။

***